## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန၊
## မြေအသုံးချရေးဌာနခွဲ၊ကယားပြည်နယ်

# ၂၀၁၉-၂၀၂၀ခုနှစ်၊ လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ

ဒေါ်မာမာတင့်
လက်ထောက်ညွှန်ကြားရေးမှူး
မြေအသုံးချရေးဌာနခွဲ ၊ လွိုင်ကော်မြို့

# လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်မှု

| စဉ် | အကြောင်းအရာ | ဆောင်ရွက်သည့်ခုနှစ် | |
|---|---|---|---|
| | | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ |
| ၁။ | မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများ | | |
| | (က) ဓါတ်မြေဩဇာစမ်းသပ်ကွက်များ | (၁၂)ကွက် | (၅)ကွက် |
| | (ခ) စံပြကွက်ဆောင်ရွက်မှုများ | (၁၄၂)ဧက | (၅၈)ဧက |
| ၂။ | မြေဆီလွှာပြုပြင်ရေးလုပ်ငန်းများ | | |
| | - ဂျစ်ပဆန်ထည့်သွင်း၍မြေပြုပြင်ခြင်း | (၄၅)ဧက | (၄၀)ဧက |
| ၃။ | နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း | | |
| | - တောင်သူပညာပေးသင်တန်း | (၂)ကြိမ်<br>(၇၈)ဦးရေ | (၂)ကြိမ်<br>(၈၈)ဦးရေ |
| ၄။ | မြေဩဇာစစ်ဆေးခြင်းလုပ်ငန်းများ | (၃)မြို့နယ်<br>(၁၈၈)ဆိုင် | (၃)မြို့နယ်<br>(၁၉၅)ဆိုင် |
| ၅။ | ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ (IHTDV)မြေနမူနာယူခြင်း | (၄၆)ထုပ်<br>(၂၅၄၅)ဧက | (၄၄)ထုပ်<br>(၂၅၂၈)ဧက |

# ၁။မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများ

## (က)ဓါတ်မြေသြဇာစမ်းသပ်ကွက်ဆောင်ရွက်မှုများ

(က-၁)မိုးစပါးသီးနှံ၊ဓါတ်မြေသြဇာနှင့်သဘာဝမြေသြဇာထည့်သွင်းခြင်းစမ်းသပ်ကွက်

(ဒီးမော့ဆိုမြို့နယ်၊ ဟိုဖိတ်ကျေးရွာ)

| ပြုမူချက် | အထွက်နှုန်း (တင်း/ဧက) | အထွက် နှိုင်းယှဉ်ချက် | သုံးသပ်ချက် |
|---|---|---|---|
| 1.Control | 80.44 | - | မြေဆီလွှာအဆင့်အတန်း (Soil fertility) တိုးတက် ကောင်းမွန်စေရန်ရည်ရွယ်၍ အဓိက လိုအပ်သော အာဟာရဓါတ်(၃)မျိုးအပြင်နွားချေး၊ Compost၊ Super bokashi တို့ကိုပါ စပါးသီးနှံ တွင်ထည့်သွင်း အသုံးပြုစိုက်ပျိုးခဲ့ ပါသည်။ Treatment 5 (NPK+ FYM+ Super bokashi) သည်အနှံပါပင်ပွားများခြင်း၊ တစ်နှံပါအောင်စေ့ များခြင်းတို့ကြောင့် အထွက်နှုန်း အများဆုံးဖြစ် သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် တောင်သူ များအနေဖြင့် ဓါတ်မြေသြဇာနှင့် သဘာဝ မြေသြဇာကို ပေါင်းစပ်သုံးစွဲခြင်းဖြင့် တစ်ဧက အထွက်နှုန်းတိုးမည် ဖြစ်ပါသည်။ |
| 2.NPK | 90.59 | (+)10.15 | |
| 3.NPK + FYM | 98.41 | (+)17.97 | |
| 4. NPK + FYM + Compost | 101.53 | (+)21.09 | |
| 5.NPK + FYM+ Super bokashi | 112.46 | (+)32.02 | |

# မိုးစပါးသီးနှံ၊ ဓါတ်မြေဩဇာနှင့်သဘာဝမြေဩဇာထည့်သွင်းခြင်းစမ်းသပ်ကွက်
# (ဒီးမော့ဆိုမြို့နယ်၊ ဟိုဖိတ်ကျေးရွာ)











# ၁။ မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများ

## (က)ဓါတ်မြေဩဇာစမ်းသပ်ကွက်ဆောင်ရွက်မှုများ

(က-၂)ကုလားပဲသီးနှံ၊ P Foliar အသုံးပြုခြင်းစမ်းသပ်ကွက် (ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာကျေးရွာ)

| ပြုမှုချက် | အထွက်နှုန်း (တင်း/ဧက) | အထွက် နှိုင်းယှဉ်ချက် | သုံးသပ်ချက် |
|---|---|---|---|
| 1.Control | 6.49 | - | အဓိကလိုအပ်သော အာဟာရဓါတ်(၃)မျိုးကို မြေခံထည့်၍ စိုက်ပျိုးခြင်းအပြင် P ရွက်ဖျန်း မြေဩဇာကို ပန်းဖူးဝင်ချိန်မှစ၍ (၁၀) ရက်ခြား တစ်ကြိမ်နှုန်း၊ စုစုပေါင်း (၃) ကြိမ်ဖျန်းခြင်းဖြင့် အပွင့်၊ အသီးတင်မှုကောင်းပြီး တစ်ပင်ပါသီးတောင့် များခြင်း၊ အစေ့အလေးချိန်များခြင်း တို့ကြောင့်တစ်ဧက အထွက်နှုန်းတိုးသည်ကိုတွေ့ရပါသည်။ P Foliar မသုံးဘဲ NPK မြေဩဇာသာထည့်လျှင်လည်း Control အကွက်ထက် (၄)တင်းကျော်ပို၍ ထွက်သည်ကို တွေ့ရှိရပါသည်။ |
| 2.NPK(Basal) | 10.92 | (+)4.43 | |
| 3. P Foliar | 8.51 | (+)2.02 | |
| 4.NPK +P Foliar | 11.89 | (+)5.4 | |

# ကုလားပဲသီးနှံ၊ P Foliar အသုံးပြုခြင်း စမ်းသပ်ကွက်

# (ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာကျေးရွာ)











# ၁။မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများ

## (က)ဓါတ်မြေသြဇာစမ်းသပ်ကွက်ဆောင်ရွက်မှုများ

(က-၃)နွေစပါးသီးနှံ၊ဓါတ်မြေသြဇာနှင့်သဘာဝမြေသြဇာထည့်သွင်းခြင်းစမ်းသပ်ကွက်

(ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ကျေးရွာ)

| ပြုမူချက် | အထွက်နှုန်း (တင်း/ဧက) | အထွက်နှိုင်းယှဉ်ချက် | သုံးသပ်ချက် |
|---|---|---|---|
| 1.Control | ၉၀.၅၉ | - | မြေဆီလွှာအဆင့်အတန်း (Soil fertility) တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ အဓိက လိုအပ်သော အာဟာရဓါတ် (၃) မျိုး အပြင် နွားချေး၊ Compost၊ Super bokashi တို့ကိုပါ စပါးသီးနှံတွင် ထည့်သွင်း အသုံးပြု စိုက်ပျိုးခဲ့ပါသည်။ Treatment5 (NPK+ FYM + Super bokashi)သည် အနှံပါပင်ပွားများခြင်း၊ တစ်နှံပါ အောင်စေ့များခြင်း တို့ကြောင့် အထွက် နှုန်း အများဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် တောင်သူများအား ဓါတ်မြေသြဇာ နှင့် သဘာဝမြေသြဇာကို ပေါင်းစပ်သုံးစွဲခြင်း ဖြင့် တစ်ဧက အထွက်နှုန်း တိုးကြောင်း လက်တွေ့ ပြသနိုင်ခဲ့ပါသည်။ |
| 2.NPK | ၁၂၆.၄၃ | ၃၅.၈၄ | |
| 3.NPK+FYM | ၁၃၅.၈၆ | ၄၅.၂၇ | |
| 4. NPK +FYM + Super bokashi | ၁၄၉.၀၇ | ၅၈.၄၈ | |

# နွေစပါးသီးနှံ၊ဓါတ်မြေဩဇာနှင့်သဘာဝမြေဩဇာထည့်သွင်းခြင်းစမ်းသပ်ကွက်
# (ဒီးမော့မြို့နယ်၊ ငွေတောင်ကျေးရွာ)









# ၁။ မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများ

## (ခ)စံပြကွက်ဆောင်ရွက်မှုများ

(ခ-၁) မိုးစပါးသီးနှံ၊ဓါတ်မြေသြဇာအချိန်ကိုက်အချိုးညီထည့်သွင်းခြင်းစံပြကွက်
(ဒီးမော့ဆိုမြို့နယ်၊ ဟိုဖိတ်ကျေးရွာ)

**၁။ ရည်ရွယ်ချက်**

သီးနှံစိုက်ပျိုးရာတွင် တောင်သူများသည်သီးနှံပင်အတွက် အဓိကလိုအပ်သောအာဟာရ ဓါတ်(၃) မျိုးအား အချိုးညီ ထည့်သွင်းသုံးစွဲခြင်းမရှိဘဲ ယူရီးယားမြေသြဇာတစ်မျိုးထဲကိုသာ အဓိကသုံးစွဲခြင်းကြောင့် သီးနှံအထွက်နှင့် အရည်အသွေးကျခြင်း၊ အရည်အသွေးမပြည့်မီခြင်း ဖြစ်ရပါသည်။ အဓိကလိုအပ်သော အာဟာရ(၃)မျိုးအား အချိုးအဆ ညီမျှအောင်ကျွေးခြင်း ဖြင့် တကေကုန်ကျစရိတ် သက်သာပြီး ဝင်ငွေအကျိုးအမြတ်ရရှိမှုကို တောင်သူများ သိရှိနားလည် လာစေရန်ရည်ရွယ်၍ တောင်သူ၏ စိုက်ပျိုးမြေတွင် တောင်သူနှုန်းထားနှင့် အချိုးညီနှုန်းထား ထည့်သွင်း စိုက်ပျိုးခြင်း၏ အကျိုးသက်ရောက်မှု အခြေအနေကို နှိုင်းယှဉ်ဆောင်ရွက်ခဲ့ပါသည်။

**၂။ တွေ့ရှိချက်**

ဓါတ်မြေသြဇာအချိုးညီထည့်သွင်းခြင်းစံပြကွက်သည် ဗလာကွက်ထက် (၁၂.၉)ပိုမို ထွက်ရှိသည်ကိုတွေ့ရပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် ယူရီးယား၊ တီစူပါ၊ ပိုတက်ရှ် မြေသြဇာများကို လိုအပ်သည့်အချိန်တွင် လိုအပ်သည့် အာဟာရဓါတ်ကို လိုအပ်သည့် ပမာဏအတိုင်း အချိန်ကိုက်၊ အချိုးညီထည့်သွင်းပေးခြင်းဖြင့် အပင်ဖြစ်ထွန်းမှု၊ အနှံဖြစ်ထွန်းမှုမှာအခြား **Control** အကွက်ထက် ကောင်းခြင်း၊ တစ်ဧကအထွက်နှုန်းတိုးခြင်းတို့ကို တွေ့ရပါသည်။

**၃။ အကျိုးကျေးဇူး**

ဓါတ်မြေသြဇာကို အချိန်ကိုက်အချိုးညီသုံးစွဲခြင်းဖြင့် ဓါတ်မြေသြဇာဝယ်ယူရသည့် ကုန်ကျစရိတ်သက်သာခြင်း၊ တစ်ဧကအထွက်နှုန်းတိုးခြင်းကြောင့် တောင်သူတဦးချင်းဝင်ငွေတိုးခြင်း စသည့်အကျိုးကျေးဇူးများရရှိမည် ဖြစ်ပါသည်။

# မိုးစပါးသီးနှံ၊ ဓါတ်မြေဩဇာအချိန်ကိုက် အချိုးညီထည့်သွင်းခြင်းစံပြကွက်
# (ဒီးမော့ဆိုမြို့နယ်၊ဟိုဖိတ်ကျေးရွာ)









# ၁။မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများ

## (ခ) စံပြကွက်ဆောင်ရွက်မှုများ

(ခ-၂) မိုးစပါးသီးနှံ၊ကျောက်မှုန့်ထည့်၍မြေပြုပြင်ခြင်းစံပြကွက်(ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ကျေးရွာ)

၁။ ရည်ရွယ်ချက်

pH မြင့်သောမြေတွင်မိုးစပါးစိုက်ရာ၌ မြေခံဂျစ်ပဆန်မြေဩဇာထည့်ပေးခြင်းဖြင့် မြေထဲရှိဆိုဒီယမ် ဆားများကို ဂျစ်ပဆန်မှ Ca နှင့် ဖလှယ်ထုတ်ခြင်းဖြင့် မြေပြုပြင်ပေးရာရောက်ပါသည်။ စပါးစိုက်ရာတွင် အဓိက လိုအပ်သော အာဟာရဓါတ်(၃)မျိုးအပြင် အနဲလိုအာဟာရဓါတ်များ ရရှိနိုင်သည့် ဂျစ်ပဆန်မြေဩဇာထည့်ခြင်းဖြင့် မြေဆီလွှာတွင် အာဟာရဓါတ်များတိုးပြီး သီးနှံအရည်အသွေးကောင်း၍ တဧကအထွက်နှုန်းတိုးသည်ကို တောင်သူများသိရှိစေရန် ရည်ရွယ်၍ ဆောင်ရွက် ခြင်းဖြစ်ပါသည်။

၂။ တွေ့ရှိချက်

စပါးစိုက်ပျိုးရာတွင် ဂျစ်ပဆန်မြေဩဇာကိုမြေခံထည့်ခြင်းကြောင့် ဆိုဒီယမ်ဆားများကို ကယ်ဆီယမ်ဖြင့် ဖလှယ်ထုတ်ပေး၍ မြေဆီလွှာအဆင့်အတန်းတိုးတက်လာပြီး အရွက်များအစိမ်းရောင်ရှိခြင်း၊ ပင်ပွားအရေအတွက် များခြင်း၊ တစ်နှံပါအောင်စေ့များခြင်းတို့ကြောင့် တစ်ဧကအထွက်နှုန်းမှာ ဗလာကွက်ထက်ပိုသည်ကိုတွေ့ရပါသည်။

၃။ အကျိုးကျေးဇူး

သီးနှံအရည်အသွေးကောင်းပြီး တစ်ဧကအထွက်နှုန်းတိုးခြင်းဖြင့် တောင်သူများဝင်ငွေတိုး၍ ရရှိမည်ဖြစ်ပါသည်။

# မိုးစပါးသီးနှံ၊ ကျောက်မှုန့်ထည့်၍မြေပြုပြင်ခြင်းစံပြကွက်
# (ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ကျေးရွာ)










# ၁။ မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများ

## (ခ) စံပြကွက်ဆောင်ရွက်မှုများ

(ခ-၃) စပါးသီးနှံ၊ ပိုတက်ဆီယမ်နိုက်ထရိတ်ပက်ဖျန်းခြင်းစံပြကွက်(လှိုင်ကော်မြို့နယ်၊ နိုးကိုးကျေးရွာ)

### ၁။ ရည်ရွယ်ချက်

ဈေးနှုန်းကြီးမြင့်သည့်ပိုတက်ရှ်မြေသြဇာအစား **$KNO_3$** ရွက်ဖျန်းမြေသြဇာအသုံးပြုခြင်း ဖြင့်ကုန်ကျစရိတ်သက်သာစေပါသည်။ **K**စားသုံးထားသည့်စပါးပင်များမှာ ရောဂါပိုးမွှားဒဏ်ခံနိုင်ပြီး နီမတုတ်နှင့် ဘက်တီးရီးယားများကြောင့် အပင်ရောဂါကျခြင်းကိုလည်း ကာကွယ်နိုင်ပါသည်။ ယူရီးယားတမျိုးတည်းကျွေးလျှင် အပင်နှင့်အသီးအပွင့်များကျိုးကြေလွယ်ပြီး **$KNO_3$** သုံးခြင်းဖြင့် **K** နှင့် **N** အာဟာရဓါတ်(၂)မျိုးလုံးအပင်မှရရှိပြီး စပါးပင်မှာ သီးပွင့်နိုင်စွမ်းပိုလာပါသည်။ထို့အပြင် အစေ့အဆန်ပြည့်ဝလာရာ အရည်အသွေးကောင်းပြီး တကေအထွက်နှုန်းတိုးလာသည်ကို တောင်သူများ သိရှိနိုင် စေရန်ရည်ရွယ်ပါသည်။

### ၂။ တွေ့ရှိချက်

$KNO_3$ရွက်ဖျန်းမြေသြဇာအဖြစ် အသုံးပြုသောစပါးခင်းမှာ မသုံးသောစပါးခင်း(ဗလာကွက်)ထက်ပျမ်းမျှအထွက် နှုန်း(၁၁.၀၈)တင်းပိုမိုထွက်ရှိသည်ကို တွေ့ရှိရပါသည်။ $KNO_3$ (ယမ်းစိမ်း)အသုံးပြုခြင်းဖြင့်စပါးအထွက်ပိုမိုခြင်း၏ အကျိုးအမြတ်သည် $KNO_3$၏(၁)ကေ ကုန်ကျစရိတ်ထက်ပိုသောကြောင့် တောင်သူများအနေနှင့်အသုံးပြုသင့်ပါသည်။

### ၃။ အကျိုးကျေးဇူး

ယမ်းစိမ်းမြေသြဇာကို ရွက်ဖျန်းအဖြစ်အသုံးပြုခြင်းဖြင့် သီးနှံအရည်အသွေးကောင်းပြီး တစ်ကေအထွက်နှုန်းတိုးလာသည့်အကျိုးကျေးဇူးရရှိကာ တောင်သူဝင်ငွေတိုးမည်ဖြစ်ပါသည်။

# စပါးသီးနှံ၊ ပိုတက်ဆီယမ်နိုက်ထရိတ်ပက်ဖျန်းခြင်း စံပြကွက်

## (လွိုင်ကော်မြို့နယ်၊ နိုးကိုးကျေးရွာ)









# ၁။ မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများ

## (ခ) စံပြကွက်ဆောင်ရွက်မှုများ

(ခ-၄) ကုလားပဲသီးနှံ၊ယူရီးယားနှင့်လက်ချားပက်ဖျန်းခြင်းစံပြကွက်(ဒီးမော့ဆိုမြို့နယ်၊ကုန်းသာကျေးရွာ)

### ၁။ ရည်ရွယ်ချက်

ကုလားပဲသီးနှံတွင် ယူရီးယားနှင့်လက်ချား အသုံးပြု၍ ရွက်ဖျန်းမြေသြဇာအဖြစ်အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး တစ်ဧကအထွက်နှုန်းတိုးသည်ကို တောင်သူများသိရှိစေရန် ရည်ရွယ်ပါသည်။

### ၂။ တွေ့ရှိချက်

ကုလားပဲပန်းပွင့်ချိန်၌ အစေ့များပြည့်ဖြိုးစေရန်နှင့် အစေ့တွင်ပရိုတင်းဓါတ်ဖြည့်တင်းပေးရန် N2 ဓါတ်လိုအပ်ခြင်း။ အပွင့်ကြွေကျခြင်းကာကွယ်ရန်၊ မျိုးအောင်မှုကောင်းစေရန်ပန်းပွင့်ချိန်ဘိုရွန် (လက်ချား)ဓါတ် လိုအပ်ခြင်းတို့ကြောင့် ပန်းပွင့်ချိန်မှ သီးကင်းစဝင်ချိန်အထိ N2 ဓါတ်နှင့် B ဓါတ်ကိုဖျန်းပေးရာ ပန်းပွင့်များ၍ ပန်းပွင့်ကာလကြာရှည်ခြင်း၊ သီးတောင့်များပြီး အစေ့အရည်အသွေးကောင်းမွန်သည်ကို တွေ့ရှိရပါသည်။

### ၃။ အကျိုးကျေးဇူး

ကုန်ကျစရိတ်နှင့်လုပ်အားခသက်သာခြင်း၊အာဟာရဓါတ်ပါဝင်မှုသေချာခြင်း၊ သီးနှံအရည်အသွေးကောင်း၍ တစ်ဧကအထွက်နှုန်းမှာ Control အကွက်ထက် (၅.၇၀)တင်းပိုထွက်သည့် အကျိုးကျေးဇူးများရရှိပါသည်။

# ကုလားပဲသီးနှံ၊ယူရီယား+လက်ချားပက်ဖျန်းခြင်းစံပြကွက်
# (ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာကျေးရွာ)










# ၁။ မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများ

## (ခ) စံပြကွက်ဆောင်ရွက်မှုများ

(ခ-၅)မြေပဲသီးနှံ၊ကျောက်မှုန့်ထည့်၍မြေပြုပြင်ခြင်းစံပြကွက်(ဒီးမော့ဆိုမြို့နယ်၊ ဆိုဘောသဲကျေးရွာ)

### ၁။ ရည်ရွယ်ချက်

ဂျစ်ပဆန် (ကျောက်မှုန့်) မြေဩဇာသည် မြေ၏အစိုဓါတ်ကို ထိန်းပေးနိုင်ပါသည်။ ဂျစ်ပဆန်တွင်ပါဝင်သော Sနှင့် Ca အနဲလိုအာဟာရဓါတ်များကြောင့်မြေပဲသီးနှံတွင် အစေ့အဆံပြည့်ဖြိုး၍ အလေးချိန်စီးစေခြင်း၊ ဆီထွက်ရာနှုန်းကောင်းစေခြင်း၊ သီးနှံအရည်အသွေးကောင်းပြီး တကေအထွက်နှုန်းတိုးစေခြင်းတို့ကို တောင်သူများသိရှိစေရန် ရည်ရွယ်၍မြေပဲသီးနှံတွင် ဂျစ်ပဆန်ထည့်၍ စိုက်ပျိုးခြင်းဖြစ်ပါသည်။

### ၂။ တွေ့ရှိချက်

ဂျစ်ပဆန်ထည့်သောမြေပဲစံပြကွက်သည် မထည့်သောအကွက်ထက် ပျမ်းမျှအထွက် နှုန်း(၁၀.၁၃) တင်းပိုသည်ကိုတွေ့ရပါသည်။ (ဂျစ်ပဆန်)ကျောက်မှုန့်မှာ အစိုဓါတ်ထိန်းသောကြောင့် အပင်ဖြစ်ထွန်းချိန်တွင်လည်း မထည့်သောဗလာကွက်ထက် အပင်ဖြစ်ထွန်းမှုကောင်းခြင်း၊ တစ်ပင်ပါသီးတောင့်အရေအတွက်များခြင်းတို့ကို တွေ့ရပါသည်။

### ၃။ အကျိုးကျေးဇူး

ဂျစ်ပဆန်တွင်ပါသော **Ca** နှင့် **S** တို့ကြောင့် အစေ့အဆံပြည့်ဖြိုးပြီးအလေးချိန်စီးခြင်း၊ တစ်ဧကအထွက်နှုန်းတိုးခြင်းစသည့် အကျိုးကျေးဇူးများကို တောင်သူများကိုယ်တိုင်တွေ့ရှိကြရ၍ နောက်နှစ်မြေပဲစိုက်လျှင် ဂျစ်ပဆန်မြေဩဇာကို အသုံးပြုမည်ဖြစ်ကြောင်း သိရပါသည်။

# မြေပဲသီးနှံ၊ ကျောက်မှုန့်ထည့်၍မြေပြုပြင်ခြင်းစံပြကွက်
# (ဒီးမော့ဆိုမြို့နယ်၊ ဆိုဘောသဲကျေးရွာ)









# တောင်သူပညာပေးသင်တန်း

(ရှားတောမြို့နယ်)









# တောင်သူပညာပေးသင်တန်း

(ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာကျေးရွာ)









# တောင်သူပညာပေးသင်တန်း



ဒီးမော့ဆိုမြို့နယ်၊ အိုကေကျေးရွာ



ဖရူဆိုမြို့နယ်၊ ကေးလျားကျေးရွာ



ဒီးမော့ဆိုမြို့နယ်၊ ဟိုဖိတ်ကျေးရွာ



လွိုင်ကော်မြို့နယ်၊ ထေးငှားလျားကျေးရွာ

# တောင်သူပညာပေးဆွေးနွေးပွဲ



ဖရူဆိုမြို့နယ်၊ ထီးသော်ကူးကျေးရွာ



ဖရူဆိုမြို့နယ်၊ ညောင်ဇင်ကျေးရွာ



လွိုင်ကော်မြို့နယ်၊ ပိန်းချစ်ကျေးရွာ



ဒီးမော့ဆိုမြို့နယ်၊ သေးဆူလဲကျေးရွာ

# မြေသြဇာဆိုင်များစစ်ဆေးခြင်း




ဖရူဆိုမြို့နယ်၊ ထီးသော်ကူးကျေးရွာ



ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာကျေးရွာ



ဒီးမော့ဆိုမြို့နယ်၊ ဝမ့်လထွားကျေးရွာ



ဒီးမော့ဆိုမြို့နယ်၊ ဒေါ်ပိုးစီကျေးရွာ

# မြေဆီလွှာဓါတ်ခွဲစစ်ဆေးရန်မြေနမူနာယူခြင်း









# လမ်းညွှန်မှုကိုခံယူပါသည်